# ခုငစစရင

## အချစ်ဆုံးကအဝေးဆုံးမှာ



# အချစ်ဆုံးက အဝေးဆုံးမှာ
## (၁)

ရေထဲတွင် ဖျံတစ်ကောင်ကဲ့သို့ ကျင်လည်ကျက်စားတတ်သော မိမိ၏ အချစ်ဆုံးညီလေး အောင် ခိုင်ဖြူတစ်ယောက် ရေနစ်သေဆုံးသွားရခြင်းကို... အောင်နိုင်သူမှာ မယုံကြည်နိုင်အောင် ဖြစ်နေရ၏ ။ လက်မခံနိုင်အောင်လည်း ဖြစ်နေရသည်။

အောင်ခိုင်ဖြူ၏ ရုပ်အလောင်းမြေချပြီးသည်နှင့်တစ်ပြိုင်နက် ရင်ဆို့ကာ မတ်တပ်က ပြိုလဲ သွားသည်။

သူတို့ညီအစ်ကို၏ အုပ်ထိန်းသူ ကြီးကြီးမြကို မြင်တွေ့လိုက်ရတော့မှ အောင်နိုင်သူသည် အဖြစ်မှန်ကို လက်ခံမိကာ သချႋုင်းမြေကို ကျစ်ကျစ်ပါအောင်ဆုပ်၍ မျက်ဝန်းနှစ်ဖက်မှ မျက်ရည် ဖြိုင်ဖြိုင်ကျကာ သူချစ်ရသော ညီလေးကို ကတိပြုလိုက်သည်။

"အဖြစ်မှန်ကို ရအောင်ဖော်ထုတ်မယ်ညီ၊ အဖြစ်မှန်ကို ကိုကိုရအောင် ဖေါ်ထုတ်မယ်၊ တစ်ဦးတစ်ယောက်ရဲ့ ပရောဂကြောင့် ညီသေရတာ ဆိုရင် ဒီ..ဒီတစ်ဦးတစ်ယောက်သောသူလဲ ပေးဆပ်ရမှုကလဲ ကြီးမားစေရမယ်..ကိုကို ကတိပြုတယ် ညီ၊ ကိုကို ကတိပြုတယ်"

အောင်နိုင်သူသည် အိမ်သို့ရောက်လျှင်ရောက်ချင်း အောင်ခိုင်ဖြူ၏ အိမ်ခန်းသို့ဝင်ကာ တံခါးကို အတွင်းကချက်ချ၍ သဲလွန်စများကို ရှာဖွေနေတော့သည်။

အဝတ်အစားဗီရို၊ စာရေးစားပွဲ၊ စာအုပ်စင်တို့မှ အဝတ်အထည်ပစ္စည်းပစ္စယမှန်သမျှတို့၏ သေဆုံးသူ အောင်ခိုင်ဖြူ၏ အိမ်ခန်းတွင် မြင်မကောင်းအောင် ကြဲပြန့်နေ၏ ။

"ဒေါက်...ဒေါက်...ဒေါက်"

"ဘယ်သူလဲ"

အောင်နိုင်သူသည် ဓာတ်ပုံအယ်လ်ဘန်တစ်ခုကို ကုန်း၍ ကောက်ယူနေရာမှ ခပ်ငေါက် ငေါက် မေးလိုက်သည်။

"ကြီးကြီးမြပါ...တံခါးဖွင့်ပေးပါဦး"

အောင်နိုင်သူသည် တံခါးဆီကို အလျင်အမြန်ရောက်ရှိသွားပြီး တံခါးကို ဖွင့်ပေးလိုက် သည်။

ဒေါ်မြခင်သည် အချိုရည်ဖန်ခွက်ထည့်ထားသော လင်ပန်းကိုကိုင်၍ အိမ်ခန်းထဲသို့ လှမ်း ဝင်ရင်း ကြမ်းပြင်ပေါ်တွင် မြင်မကောင်းအောင် ပြန့်နေသော ကွယ်လွန်သူ အောင်ခိုင်ဖြူ၏ ပစ္စည်း များကို ကြည့်လိုက်သည်။

"သိပ်ပြီး တစ်ယူသန်၊ တဇွတ်ထိုးကြီး ဖြစ်မနေပါနဲ့ ငါ့တူကြီးရယ်၊ မြွေဆရာမြွေနဲ့သေတယ် ဆိုတာ မင်းလဲ ကြားဖူးသားပဲ၊ ရေမှာပျော်တဲ့ မင်းညီလေး ရေနဲ့သေရတာ သူ့ကံတရားကြောင့်ပဲ နေမှာပါကွယ်..."

"ကျွန်တော် လက်မခံနိုင်အောင် ဖြစ်နေသေးတယ် ကြီးကြီးမြရယ်"

"ဒီကလေး ရင်ခွင်ပိုက်အရွယ်တုန်းက မင်းဖေဖေမေမေတို့နဲ့ တစ်ပါတည်းသေဖို့ပဲ...သူ့မှာ ဥပစ္ဆေဒကံ ပါလာလို့ ဒီတစ်ခါမှာတော့..ရှောင်ထွက်မရရှာတော့တာ ဖြစ်မယ်လို့ ကြီးကြီးမြတော့ ထင်တယ်ကွယ်"

အောင်နိုင်သူသည် လက်ထဲက ဓာတ်ပုံအယ်လ်ဘန်ကလေးကိုကိုင်ရင်း သူ့ညီငယ်၏ ခုတင်စွန်းတွင်ထိုင်ချကာ ငိုင်တွေသွား၏ ။

သူစိတ်များက သူတို့ညီအစ်ကိုအတွက် မိုးပြိုသောနေ့တစ်နေ့ဆီသို့ တစ်မုဟုတ်ချင်း ရောက်ရှိသွားသည်။

ဖခင်၏ ချက်မြှုပ်ဇာတိဖြစ်သော ပြင်ဦးလွင်တွင် အဘိုးဖြစ်သူ၏

အသည်းအသန်ဖြစ်နေ သော သံကြိုးစာ ရောက်ရှိလာသဖြင့် မိဘနှစ်ပါးသည် သုံးနှစ်သား အောင်နိုင်သူကို မိခင်၏ အစ်မ ကြီးဖြစ်သော ဒေါ်မြခင်ထံတွင် အပ်နှံထားခဲ့ပြီး ပြင်ဦးလွင်သို့ ရင်ခွင်ပိုက်သားကလေး အောင်ခိုင်ဖြိုး ကိုခေါ်ကာ အလျင်အမြန် လိုက်သွားခဲ့ကြသည်တွင် တောင်ပေါ်တွင် ယာဉ်တိုက်မှုဖြစ်၍ ခရီးသည် ငါးဦး သေဆုံးသွား၏။ ထိုငါးဦးထဲတွင် ကံဆိုးသော အောင်နိုင်သူ၏ မိဘနှစ်ပါးလည်း အချင်းဖြစ်ရာ နေရာမှာပင် ကွယ်လွန်သွားခဲ့ကြသည်။

သေကံမရောက် သက်မပျောက်ချင်သေးသော အောင်ခိုင်ဖြိုးမှာတော့ လမ်းဘေးတစ်နေရာ သို့ လွင့်စင်ကျခဲ့ပြီး အနည်းငယ်သာ ပွန်းပဲ့ဒဏ်ရာ ရရှိခဲ့ပါသည်။

ထိုသတင်းကြားလျှင်ကြားရချင်း ဒေါ်မြခင်သည် အောင်နိုင်သူကိုခေါ်ကာ ပြင်ဦးလွင်သို့ လိုက်ခဲ့သည်။

သားနဲ့ချွေးမ၏ သတင်းဆိုးက လူမမာ၏ အသက်ကို နှုတ်ယူသွားသဖြင့် အမင်္ဂလာပို၍ ဖိစီး သွားရပါတော့သည်။

ပြင်ဦးလွင်တွင် ကျန်ရစ်သော ဘွားဘွားကို အဒေါ်အပျိုကြီးတစ်ယောက်တည်းကသာ ကြည့်ရှုစောင့်ရှောက်ပေးနေရသဖြင့် ဒေါ်မြခင်သည် မိဘမဲ့သွားရှာသော တူကလေးနှစ်ယောက်ကို သူကသာ တာဝန်ယူပါရစေဟု တောင်းပန်ပြီး ကိစ္စအဝဝပြီးဆုံးသည့်အခါတွင် ရန်ကုန်သို့ ခေါ်ဆောင်လာခဲ့သည်။

အဖေရယ်..အမေရယ်လို့ ချစ်လို့၊ ချွဲလို့၊ နွဲ့လို့မှ အားမရနိုင်ခင် အောင်နိုင်သူတို့ညီအစ်ကို နှစ်ယောက်ကို မိဘများက မျက်ကွယ်ပြုသွားခဲ့ကြသည်။

*

မင်း ဟုတ်တိပတ်တိ အစားအသောက်မစားတာ ကြာပြီ၊ ကြီးကြီးမြကို သနားရင် ကျန်းမာ အောင်နေပေါ့ကွယ်၊ မင်း..မင်းတစ်ယောက်ကိုပဲ ကြီးကြီးမြ အားကိုးစရာ ရှိတော့တယ်”

ဒေါ်မြခင်သည် လက်ထဲကလင်ပန်းကို စားပွဲပေါ်သို့ လှမ်းတင်ပြီး တရှုပ်ရှုပ် ငိုပါလေတော့ သည်။

“မငိုပါနဲ့ ကြီးကြီးမြရယ်၊ ညီဆုံးရတာ နဲ့ပတ်သက်ပြီး ကျွန်တော့်ရင်မှာ မကျေနပ်နိုင်လွန်းလို့ ပါ”

အောင်နိုင်သူသည် တစ်ဆို့သံကြီးဖြင့်ပြောရင်း လက်ထဲက ဓာတ်ပုံအယ်လ်ဘန်ကို လှန်နေ ၏။ ယောကျ်ားလေး၊ မိန်းကလေး မြောက်မြားစွာသော ဓာတ်ပုံများထဲမှ ထူးခြားနေသော ဓာတ်ပုံ တစ်ပုံကို သတိပြုမိလိုက်သည်တွင်…

“ဟင်…”

“ဘာများလဲ ကိုသူ”

“ကြီး…ကြီးကြီးမြ… ဒီဓာတ်ပုံထဲက ညီနဲ့တွဲရိုက်ထားတာ ဘယ်သူလဲဟင်”

“ပြစမ်း”

ကုလားထိုင်တစ်ခုတွင် ထိုင်နေသော အောင်ခိုင်ဖြူကို နောက်ကျောမှဖက်၍ ဘယ်ဘက်ပါး ကို အပြုံးလှလှလေးဖြင့် နမ်းနေသော မိန်းမလှလေးတစ်ယောက်..

“ဒါ..သူပြောပြောနေတဲ့ မိန်းကလေးများလား”

အောင်နိုင်သူသည် ဘယ်လ်ဘန်မှ ဓာတ်ပုံကို

ဖြုတ်ယူကာကြည့်လိုက်သည်။

## ချစ်သောနွေးထံမှ အမှတ်တရအနမ်း

“ဒါ..ဒါ သူ့ရည်းစားလား ကြီးကြီးမြ…ဟင်”

“မဆိုနိုင်ဘူးလေ၊ ဒီလောက်ရင်းရင်းနှီးနှီး သူစိမ်းမိန်းကလေးဆိုရင် ဘယ်နေဝံ့ပါ့မလဲကွယ်”

“စောစောက ကြီးကြီးမြပြောတဲ့ ညီပြောပြောနေတဲ့ မိန်းကလေးဆိုတာ သူလား၊ နွေးဆိုတာ သူလား”

“နွေး..နွေးဆိုတဲ့ နာမည်တော့ ကြားကြားနေတာပဲ၊ ဒါပေမယ့် နွေးကို ကြီးကြီးမြ မမြင်ဖူးခဲ့ ပါဘူးကွယ်”

“နွေးနဲ့ပတ်သက်လို့ သူ ကြီးကြီးမြကို ဘာပြောဖူးလဲဟင်”

“တစ်ခါတလေ စိတ်လိုလက်ရရှိရင် သူ့မှာ သိပ်ခင်သိပ်ချစ်ရတဲ့ မိန်းကလေးနှစ်ယောက် ယောကျ်ားလေးတစ်ယောက်ရှိတဲ့အကြောင်း နွေးဆိုတာကိုတော့ သူအခင်ဆုံး၊ အချစ်ဆုံးတဲ့ ကျန် တဲ့နှစ်ယောက်ကိုတော့ ခင်တယ်၊ ဒါပေမယ့် နွေးလောက် မဟုတ်ဘူးတဲ့”

“သူတို့ ဘယ်မှာနေကြလဲ ကြီးကြီးမြ”

“မဆိုနိုင်ဘူး၊ နွေးဆိုတာကတော့ အင်းယားလမ်းမှာ နေတယ်”

ထူထဲနက်မှောင်သော မျက်ခုံးကြီးများ ထိစပ်လုအောင် မျက်နှောင်ကုတ်ရင်း ဓာတ်ပုံထဲက မိန်းမလှကလေးကို အောင်နိုင်သူ စူးရှစွာ ကြည့်နေပါတယ်။

“နွေးတဲ့၊ ညီပိုချစ်တဲ့ မိန်းကလေးက သူပဲ..သူက တော်တော့်ကို လှတဲ့

မိန်းကလေး တစ်ယောက်ပါလား..သူ့ရုပ်ရည်နဲ့ ငါ့ညီလို ခပ်ပျော့ပျော့ကောင်လေးကို ချစ်တယ်ဆိုတာ တကယ် ဟုတ်ပါ့မလား..ငါ့ညီသေဆုံးရတာ တစ်နည်းနည်းနဲ့ ဒီကောင်မလေးနဲ့များ ပတ်သက်နေမလား ..အေးလေ... လမ်းစရလာပြီပဲ..ဆုံးအောင်လိုက်ရမယ့်တာဝန်က ငါ့တာဝန်ဖြစ်သွားပြီ”

အောင်နိုင်သူသည် အောင်ခိုင်ဖြူနှင့် နွေးတို့၏ ကြည်နူးရွှင်ပျလှသည့် ဓာတ်ပုံကို သူ့ရုပ် အကျႌအိတ်ထဲသို့ ထည့်လိုက်ပြီး ဆက်လက်ရှာဖွေရာ သူလိုချင်သော နွေးလိပ်စာကို ပိုက်ဆံအိတ် ထဲမှ ရှာဖွေတွေ့ရှိသွား၏။

စိတ်ကျေနပ်မှုရရှိသွားပြီမို့ အောင်နိုင်သူသည် ဒေါ်မြခင်ဖျော်ယူလာသော အအေး တစ် ဖန်ခွက်ကို သောက်ပြီးသည်နှင့် ခုတင်ပေါ်သို့ သူ့ကိုယ်ကို ပစ်လှဲချလိုက်သည်။

နဖူးပေါ်လက်တင်၍ အောင်ခိုင်ဖြူ၏ အကြောင်းများကို တွေးရင်း၊ တသရင်းက ပင်ပန်းနွမ်း နယ်မှုများ ဖိစီးမှုဒဏ်က ကြာနေပြီဖြစ်သဖြင့် အိပ်ပျော်သွားခဲ့တော့သည်။

*

တစ်ညတာကုန်ဆုံးပြီး နံနက်လင်းသွားသည်နှင့်တစ်ပြိုင်နက် အောင်နိုင်သူသည် သူစိတ် ကူးထားသည်များကို စတင်၍ အကောင်အထည် ဖော်ပါတော့သည်။

"ဘယ်သွားမလို့လဲ ကိုသူ၊ ကော်ဖီဖျော်ထားတယ် သောက်သွားဦးလေ"

အပြင်ထွက်ရန် ဖိနပ်စီးနေသော အောင်နိုင်သူ၏ အနီးသို့ ရောက်ရှိလာသော အဒေါ်ဖြစ်သူ က မေးလိုက်သည်။

"ကျွန်တော် မသောက်တော့ဘူး ကြီးကြီးမြ..သွားစရာလေး ရှိနေလို့ သွားလိုက်ဦးမယ်"

ပြောပြောဆိုဆို အောင်နိုင်သူသည် အိမ်ပေါ်မှ အပြေးကလေး ဆင်းသွား၏ ။

ဒေါ်မြခင်သည် တူတော်မောင်ကိုကြည့်ကာ စိတ်မောလူမော ဖြစ်မိနေဟန်ရှိ၏ ။

"အောင်ခိုင်ဖြူကိစ္စနဲ့ ကိုသူ အမှားတွေ မလုပ်မိပါနဲ့ ဘုရား"

ဒေါ်မြခင်သည် ဘုရားစင်ဆီသို့ လှမ်းကြည့်ကာ လက်အုပ်ကလေးချီ၍ ဆုတောင်းနေမိ၏ ။

အောင်နိုင်သူသည် သူငယ်ချင်းမြင့်ဦးထံမှ မော်တော်ဆိုင်ကယ်ကို ငှားယူပြီး သူ့အသည်းထဲ တွင် စွဲနေသောမှတ်မိနေသော လိပ်စာတစ်ခုဆီသို့ ခရီးနှင်ခဲ့၏ ။

အင်းယားလမ်းရှိ ကျယ်ဝန်းသော ခြံကြီးတစ်ခြံရှေ့သို့ ရောက်သည့်အခါတွင် သူစီးလာ သော ဆိုင်ကယ်ကို အရှိန်လျှော့၍ ထိုခြံကိုအသာဖြတ်ကာ အရိပ်အခြည်ကို ကြည့်လိုက်သည်။

ပိတ်ထားသောတံခါးပေါက်မှ လှမ်းမြင်နေသော အိမ်ကြီးတစ်စောင်၏ ဆင်ဝင်အောက်တွင် အောင်နိုင်သူသည် ရပ်ထားသော ကားဖြူဖြူလေးကို တွေ့ရှိရသည်။

"ငါရှာနေတဲ့အိမ်ကတော့ ဒီအိမ်ပဲ၊ ဆင်ဝင်အောက်မှာ ကားတစ်စီးရပ်ထားတယ်၊ ညှော်သည် ရောက်နေတာလား၊ ဒါမှမဟုတ် တစ်ယောက်ယောက် အပြင်ထွက်မှာလား"

အောင်နိုင်သူသည် အိမ်ကို ကောင်းစွာလှမ်းမြင်ရသော လမ်းဘေးတစ်နေရာ သစ်ပင်ကြီး အောက်တွင် ဆိုင်ကယ်ကိုရပ်တန့်ပြီး အခြေအနေကို စောင့်ဆိုင်းကြည့်ရှုနေစဉ် အိမ်ဖော်ဖြစ်ဟန် တူသော မိန်းကလေးတစ်ယောက် အိမ်ထဲမှပြေးထွက်လာပြီး ဝင်းတံခါးကို ဖွင့်လိုက်သည်ကို တွေ့ မြင်ရ၏ ။

မကြာမီ..အိမ်ကြီးအတွင်းမှ လှပကြော့ရှင်းသော မိန်းကလေးတစ်ဦး ထွက်လာပြီး ကားရှေ့ ခန်းသို့ လျင်မြန်စွာတတ်ကာ ကားကိုပိတ်ပြီး ဆင်ဝင်အောက်မှ မောင်းထွက်လာသည်။

အောင်နိုင်သူသည် မျက်မှောင်ကြီးကုပ်၍ ထိုကားဆီသို့ စူးစူးစိုက်စိုက် ကြည့်နေမိ၏ ။

ခြံဝင်းပေါက်ဆီသို့ ဦးတည်မောင်းနှင်လာသော ကားပေါ်က မိန်းကလေးကို တဖြည်းဖြည်း နှင့် ပြတ်သားတိကျစွာ အောင်နိုင်သူ တွေ့၍ လာသည်။

"ဟန်ကျလိုက်လေ...ငါတွေ့ချင်မြင်ချင်နေတဲ့ အမိကိုယ်တိုင်ပဲကိုး..."

အောင်နိုင်သူသည် မော်တော်ဆိုင်ကယ်ကို အသင့်အနေအထားတွင်ထားရှိပြီး ခြံဝင်းအ တွင်းမှ အဖြူရောင် စူပါဆလွန်းကားကလေး ထွက်သွားသည်နှင့်တစ်ပြိုင်နက် ထိုကားနောက်သို့

နောက်ယောင်ခံ၍ လိုက်ခဲ့တော့သည်။

ကားကလေးသည် လမ်းသွယ်မှ လမ်းမပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက်...ရှင်းနေ သော လမ်းမပေါ်တွင် မြားတစ်စင်း လွှတ်လိုက်သည်ကဲ့သို့ မောင်းနှင်နေ၏ ။

အောင်နိုင်သူသည် ကားနှင့် အလှမ်းခပ်ခွာခွာမှ မျက်ချည်မပြတ်အောင် ကြည့်ထားရင်း လိုက်ခဲ့သည်။

ကားကလေးသည် အမ်ဆန်းစားသောက်ဆိုင်ထဲသို့ ချိုးကွေ့၍ ဝင်သွား၏ ။

ကားပတ်ကင်နေရာတွင် ကားကိုရပ်တန့်ပြီး ကားပေါ်မှ ကြော့ရှင်းလှပသော မိန်းကလေးက ဆိုင်ထဲသို့ လျင်မြန်စွာ ဝင်သွားသည့်အခါတွင်မှ အောင်နိုင်သူလည်း စားသောက်ဆိုင်အတွင်းသို့ သူ့ဆိုင်ကယ်ကို မောင်းဝင်ခဲ့ကာ ပတ်ကင်နေရာတွင် ရပ်လိုက်သည်။

အောင်နိုင်သူ ဆိုင်ထဲသို့ ဝင်လိုက်သည့်အခါတွင် စောစောက မိန်းမချောကလေး ပြုံးပြုံးချို ချို ခန့်ခန့်ချောချော အမျိုးသားတစ်ယောက်ထိုင်နေသော စားပွဲတွင် ထိုင်ချလိုက်သည်ကို တွေ့ လိုက်ရသည်။

သူတို့ စားပွဲကိုဖြတ်လျှောက်၍ အောင်နိုင်သူသည် မိန်းကလေး၏ မျက်နှာကို ကောင်းစွာမြင် နိုင်ပြီး သူတို့နှင့်အလှမ်းမဝေးလှသည့် စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။

“စားစရာတွေမှာထားတာ များလှချည့်လား ကိုကိုထွန်း”

ကြည်လင်ချိုအေးသည့် အသံကလေးက မိန်းမချောလေး၏ နှုတ်မှ ထွက်လာ၏ ။

“ကိုကိုထွန်းဆိုပါလား၊ ဒီကောင်က သူနဲ့ ဘယ်လိုပတ်သက်နေပါလိမ့်၊ ဒီကောင့်မျက်နှာကို ကြည့်ရတာ တော့ သူ့ကို အပြတ်ကိုခိုက်နေတဲ့ပုံ”

“ကိုယ် ခရီးမထွက်ခင် နွေးလေးကို တစ်လစာ အပြတ်ကျွေးမလို့ မှာထားတာပါ၊ စိတ်တိုင်း ကျသာ စားပေတော့”

“ဟင်း…ကို ခရီးထွက်ရမယ်၊ ဘာမပြောညာမပြောနဲ့ပါလား၊ ဘယ်ကိုသွားရမှာလဲဟင် ကိုကိုထွန်း”

“တောင်ငူဘက်ကိုပါ..သွားရမှာတော့ မနက်ဖြန်ပဲ၊ အထူးကုအဖွဲ့နဲ့ လိုက်ရမှာလေ”

“ကြာမှာလားဟင်”

“အင်း…တစ်လလောက်တော့ ကြာလိမ့်မယ်ထင်တယ်၊ တောင်ငူကနေ ရှေ့ကို ခရီးဆက် ကြဦးမှာဆိုတော့ ကဲ..စားလိုက်ပါဦးလေ၊ မှာထားတာတွေ အေးကုန်တော့မယ်”

နှဏ်ယောက်သား ဇွန်းခက်ရင်းများကို ကိုင်လိုက်ကြသည်။

“နွေးလေး”

“ရှင်…”

ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများဖြင့် သူ့ကို ကြည့်နေသူကို နွေးမည်သော မိန်းမချော ကေလးက မျက်နက်ဝန်းကလေးကို ဝင့်၍ ကြည့်လိုက်သည်။

“တစ်လကိုးသီတင်းကြီးတောင် ခရီးထွက်ရမှာ ကိုယ်တော့ နွေးလေးကို တစ်အား လွမ်းနေ မိမှာပဲကွာ.နွေးလေးကော..ဟင်…ကိုယ့်ကို လွမ်းနေမှာလား ပြောစမ်းပါဦး”

နွေးသည် ရှက်ဝဲဝဲမျက်နှာကလေးဖြင့် ခေါင်းလေးငုံ့ကျသွား၏ ။

"ဟွန်း ကြည်နူးကြည်မွေ့နေလိုက်ကြတာ ငါ့ညီသေတာ ခုမှ လတ်လတ်ဆတ်ဆတ်ပဲ ရှိ သေးတယ်၊ ဒီဟာမလေးက ရုပ်ချောသလောက် မျက်နှာများတဲ့ ဟာမလေးပဲ ဖြစ်မယ်၊ ဒီလိုမျက်နှာ များလို့ပဲ ငါ့ညီသေခဲ့ရတာ များလား၊ ညီသေရခြင်း အကြောင်းရင်းက သူ့ကြောင့်လား ဟင်း...သွေး ရိုးသားရိုး ဟုတ်မဟုတ်ဆိုတာ မသိမချင်းတော့ ငါ့စိတ်ကိုငါ ဆောက်တည်နိုင်မှာ မဟုတ်ဘူး"

မျက်တောင်မခတ် နွေးကို စူးစူးရဲရဲ ကြည့်နေစဉ် အမှတ်မထင် နွေး၏ မျက်နှာကလေး သူ့ ဘက်သို့ ရောက်လာ၏ ။

နွေးသည် သူ့ထံသို့စူးနစ်စွာ ကျရောက်နေသော ခံ့ကိုတွေ့ရလျှင် ကျောကလေး တွန့်ခနဲ ဖြစ်သွားပြီး သူ့မျက်နှာကို ရုတ်ခြည်း တစ်ဖက်သို့ လွှဲဖယ်ပစ်လိုက်သည်။

"အောင်မလေး ရင်ကိုတုန်သွားတာပဲ၊ ဒီလူဘယ်သူလဲ၊ သူ့အကြည့်တွေက စူးရဲခက်ထန် လိုက်တာ၊ ငါ့ကို အတော် မကျေနပ်တဲ့ပုံမျိုးနဲ့"

တကယ်ပဲ အသည်းတုန်အောင် တုန်လှုပ်သွားမိသောစိတ်ကို ဒေါက်တာထွန်းနေဆန်းရှေ့ တွင် ကြိုးစားမျိုသိပ်၍ ဣန္ဒြေမပျက်နေရင်းက နွေးသည် ပြင်းပြင်းထန်ထန် တွေးကြည့်နေမိသည်။

"နွေးလေး"

"အွန်"

"ဘာတွေများ ငြိမ်ပြီး စဉ်းစားနေတာလဲ ခုလို နှစ်ယောက်တည်း လွတ်လွတ်လပ်လပ် တွေ့ရတဲ့အခါမျိုးမှာ နွေးလေးဆီက စကားသံတွေကို အများကြီး ကြားချင်တယ်ကွာ"

"နွေး..နွေး ဘာပြောရမလဲ မသိလို့ပါရှင်"

"စောစောက ကိုယ်မေးတာကို နွေးလေး ပြန်မဖြေသေးဘူးလေ"

““နွေး..နွေးလဲ ကို့လိုပဲ နေမှာပါရှင်”

“နွေးကလေး စကားပြောရမှာ သိပ်ကပ်စေးနဲ့တာပဲ”

“အဟင်း..မဟုတ်ပါဘူး ကိုရယ်”

“ဒါပဲနော်..ဒီတစ်ခါ ခရီးကပြန်လာရင်တော့ နွေးဆီက အဖြေကို ရချင်တယ်၊ ဒီဝါဝင်ပြီး ဝါကျွတ်ရင်တော့ ကိုယ်မျှော်လင့်တဲ့နေ့ရက်ကို ရချင်တယ်..”

“အင်းပါ”

“လွယ်လွယ်မပြောနဲ့နော်..ကတိအနေနဲ့ပြော”

“ကိုကိုထွန်းကလဲလေ အကျပ်ကိုင်နေလိုက်တာ လွန်ပါရော”

“အကျပ်ကိုင်တာ မဟုတ်ပါဘူး၊ ကိုယ်က နွေးလေးနဲ့ နှစ်ကိုယ့်တစ်စိတ်နေချင်တဲ့ ဆန္ဒတွေ ပြင်းထန်နေတာပါ”

“ကို စိတ်ချမ်းသာစေရပါမယ် ကဲ ကျေနပ်ပြီလား”

“ကတိနော်..ကတိ”

“ကတိပါ ကိုထွန်းရယ်..ကတိပါ”

“အား..ဝမ်းသာလိုက်တာ”

အေး ဝမ်းသာကြ.ဝမ်းသာကြ၊ ငါ့ညီခမျာမှာတော့ မင်းတို့ဝမ်းသာနိုင်ဖို့ မပြန်လမ်းကို တစ်ခါ တည်း ရှောင်ပေးလိုက်ရတယ်၊ တောက်၊ အသည်းနာတယ်ကွာ၊ သိပ်အသည်းနာတယ်”

အောင်နိုင်သူ၏ နှုတ်မှ ပွင့်ထွက်သွားသော တောက်ခေါက်သံကို ကြားသွားဟန်တူ၏။ နွေး ၏ မျက်လုံးကလေး သူ့ဘက်သို့ ရုတ်ခြည်းလှည့်လာသည်။

အောင်နိုင်သူသည် ခါးသီးသော အကြည့်အရှုကြောင့် နွေး၏

မျက်နှာကလေး တစ်ဖက်သို့ ချာခနဲ လှည့်သွားပြန်ပါသည်။

“ဒုက္ခပါပဲ..သူ့အကြည့်တွေက ခါးသီးလိုက်တာ၊ သူကြည့်နေတာကလဲ ငါ့ကိုပဲ ငါ့မှာ သူနဲ့ ဘယ်လိုများ ပတ်သက်စရာ အကြောင်းရှိနေလို့လဲ၊ ငါ့တစ်သက်မှာ သူ့ကိုမြင်ဖူးတာ ဒီတစ်ခါပဲ ရှိပါတယ်၊ ဟင်း..စဉ်းစားရခက်လိုက်တာနော်”

နွေး စိတ်တွေ ရှုပ်ထွေးသွားပါပြီ..

“နွေးလေး”

“ရှင်”

“ကိုယ်..ရောက်နေတဲ့အရပ်က နွေးဆီကို ဖုန်းဆက်မယ်၊ ဖုန်းလာရင် နားထောင်နော်”

“ဟုတ်ကဲ့ပါ”

“နွေးမမ သိမ့်နဲ့ဦးကော ကိုယ့်အကြောင်း ဘာပြောသေးလဲ”

“ကိုကိုထွန်းက လူကောင်းတစ်ယောက်တဲ့၊ နွေးဘဝအတွက် ကို့ကို ရွေးချယ်သင့်တယ်တဲ့”

“သူတို့က ကိုယ့်ကို အမှတ်ပြည့်နေးနေပြီး နွေးလေးက ဘာဖြစ်လို့ တွန့်ဆုတ်တွန့်ဆုတ် လုပ်နေရတာ လဲကွာ ကိုယ် နွေးကို နားမလည်ဘူး”

“နွေး..နွေး အိမ်ထောင်ပြုရမှာကို တစ်မျိုးကြီး ဖြစ်နေလို့ပါ”

“နွေးလေး နေရတာ ကျဉ်းကျပ်သွားမယ်လို့ ထင်လို့လားဟင်”

နွေးက ဒေါက်တာထွန်းနေဆန်း၏ မျက်နှာကို ကြည့်နေလိုက်သည်။

“နွေးလေးကို ကိုယ်မချုပ်ချယ်ပါဘူးကွာ…နွေးလေးကို ကိုယ်တစ်ဦးတည်းပဲ ပိုင်ဆိုင်ချင်တဲ့ ဆန္ဒပဲ ရှိပါတယ်၊ နွေး စိတ်ချမ်းသာမယ်ဆိုရင်

ဘာမဆို ကိုယ်လိုက်လျှော့ဖို့ အသင့်ပါပဲ”

“ဟုတ်ပါပြီ၊ နွေး ကို့ကို နားလည်တယ်၊ ကို နွေးစိတ်ခမ်းသာအောင် ထားမယ်ဆိုတာလဲ ယုံကြည်တယ်၊ နွေးလေး ကို့အတွက် အကောင်းဆုံးအဖြေပေးဖို့ စဉ်းစားထားမယ်၊ ကိုယ်မဖြစ်မနေ သွားရမယ့်ကိစ္စကို စိတ်အေးလက်အေးသာ သွား”

“အား ကျေးဇူးတင်လိုက်တာဗျာ”

နွေး၏ လက်နှစ်ဖက်ကို သူ့လက်ဖြင့် အုပ်မိုး၍ ဆုပ်ကိုင်ထားနေသည်ကိုကြည့်ပြီး အောင်နိုင်သူ၏ ရင်ထဲတွင် ယားကျိကျိဖြစ်လာ၏ ။

“ကိုကိုထွန်း ဂျူတီဝင်ရဦးမယ် မဟုတ်လား၊ နောက်ကျနေဦးမယ်”

“အား.ဟုတ်သားပဲ နွေး သတိပေးလို့သာပေ့ါ”

သူတို့စားပွဲကမထခင် အောင်နိုင်သူသည် ဦးစွာ သူ့စာပွဲမှ ထခဲ့ထွက်ခဲ့သည်။ သူ့ဘေးက ဖြတ်လျှောက်သွားသော ဂျင်းဘောင်းဘီ၊ ဂျင်းဂျာကင် ရောင်နေကာမျက်မှန်ဖြင့် ဂိုက်ဆိုက် ကောင်းလှသော အောင်နိုင်သူကို နွေးသည် မသိမသာ ကြည့်နေမိလိုက်သည်။

“လူကလဲ ဖြောင့်၊ ပုံကလဲ ခပ်လာလာပဲ ဘယ်တုန်းကများ သူက ငါ့ရဲ့ ရန်သူဖြစ်ခဲ့ဖူးတာပါ လိမ့်”

နွေးသည် မျက်မှောင်ကလေး ကြုတ်၍ စဉ်းစားနေမိ၏ ။

“ကဲ သွားကြရအောင်”

ငွေရှင်းပြီးပြီဖြစ်၍ ဒေါက်တာနေဆန်းထွန်းသည် စားပွဲမှ ထလိုက်သည်။

“နွေး ဘယ်သွားဦးမှာလဲ”

"နွေး အိမ်ပြန်တော့မယ်..ကိုကိုထွန်း၊ နွေးထွက်လာတာ မမသိမ့် မသိဘူး"

ဒေါက်တာထွန်းနေဆန်းနှင့် နွေးတို့ လမ်းခွဲလိုက်ကြသည်။

*

(၃)

နွေးသည် ကားမောင်းရင်း စားသောက်ဆိုင်တွင် မျက်လုံးချင်းဆုံခဲ့ရသော လူစိမ်းတစ် ယောက်၏ အကြောင်းကို စဉ်းစားလာမိခဲ့သည်။

သူ့ဘဝအဖော်မွန်အဖြစ် ရွေးချယ်ရမည့် ဒေါက်တာထွန်းနေဆန်း၏ အကြောင်းရင်းကတော့ သူ့ဦးနှောက်ထဲတွင် ကွယ်ပျောက်၍ နေတော့သည်။

စားသောက်ဆိုင်ထဲတွင် သူ့အား ကြောက်အားတွေ ပိုစေခဲ့သည် သူသည် သူ့နောက်သို့ နောက်ယောင်ခံ၍ လိုက်များလိုက်လာမလားဟူသောစိတ်ဖြင့် နွေးတစ်ယောက် အိမ်သို့ ပြန်ခဲ့ သည်။

အိမ်ရောက်သည့်တိုင်အောင် အနှောင့်အယှက်တစ်စုံတစ်ရာ မတွေ့ခဲ့ရသည့်အခါတွင် တော့ နွေးမှာ နေသာထိုင်သာ ဖြစ်သွားရ၏ ။

အိမ်ဖော်မလေး ထူးထူးက နွေးကို ဂိတ်တံခါး ဖွင့်ပေးသည်။

နွေးသည် သူ့ကားကလေးကို ဆင်ဝင်အောက်အထိ မောင်းနှင်ခဲ့ပြီး ကားကို သော့တန်းလန် နှင့်ရပ်ထားကာ သူ့အိပ်ခန်းဆီသို့ တန်းသွားပြီး ခုတင်ပေါ်တွင် သူ့ကိုယ်ကို ပစ်လှဲပစ်လိုက်သည်။

သူသည် သူ၏ စက္ခုအာရုံထဲမှ လူစိမ်းကို ဆွဲထုတ်မပစ်နိုင်ဘဲ ရှိနေ၏ ။

“ဟာ..ဘယ်လိုလဲ၊ သူ ဘယ်သူလဲ၊ မုန်းတီးမှုအပြည့်ပါနေတဲ့ သူ့မျက်လုံးကြီးတွေက ကြောက်စရာကောင်းလိုက်တာ”

“နွေးလေး”

“အင်..”

နွေးသည် ခုတင်ပေါ်တွင် ငေါက်ခနဲ ထထိုင်လိုက်သည်။

နွေး၏ မမသိမ့်သည် သူ့လက်ကို လက်သုပ်ပဝါတစ်ထည်ဖြင့်ဆုပ်ရင်း

နွေး၏ အိပ်ခန်းထဲသို့ ဝင်လာ၏။

“လန့်လိုက်တာ အသံကလေးများ ပေးဝင်လာတာမဟုတ်ဘူး မမသိမ့်က”

“ကောင်မလေး..ဘာတွေများ ဒီလောက်တောင် အတွေးချော်နေလို့ လန့်ရတာ လဲ နွေးရဲ့၊ ကြည့်စမ်း အပြင်ထွက်တဲ့အဝတ်အစားတွေနဲ့ အိပ်ရာပေါ်တက်အိပ်နေလိုက်တာ နွေးက စည်းကမ်း ကိုမရှိဘူး”

“အာ…မမသိမ့်ကလဲ မတွေ့လိုက်နဲ့ တွေ့လိုက်တာနဲ့ ဆူစရာပူစရာအကြောင်းက ရှိနေတာ ပဲ”

“ဟင်..လုပ်ပုံကဖြင့် မဟုတ်ဘဲနဲ့၊ ဆူတော့လဲ မကြိုက်ဘူး၊ တစ်ညလုံး ကိုယ်အိပ်စက်အနား ယူတဲ့ အိပ်ရာကို အသန့်ရှင်းဆုံး ထားရတယ် မိနွေးရဲ့၊ ကဲ ပြောပါဦး၊ ဒါ ဘယ်ကပြန်လာတာလဲ ထွက်သွားလိုက်တာ အိမ်ကလူတွေကို မပြောမဆိုနဲ့”

သူ့ကို မျက်မှောင်ကုတ်၍ ကြည့်ကာ ဆူဆူပူပူလုပ်နေသော အစ်မဖြစ်သူကို မကျေနပ်သည် ကဲ့သို့ တစ်ချက်စူးစူးကြည့်ကာ ပြောလိုက်သည်။

“ကိုကိုထွန်းနေဆန်း ဖုန်းဆက်ခေါ်လို့သွားတာ”

“ဒါဆိုလဲ ပြောသွားပါလားဟင်”

“ပြောမလို့ပဲ မေးတော့ မမသိမ့် ဈေးသွားတယ်လို့ ထူးထူးကပြောတာနဲ့ ထွက်သွားလိုက် တာ”

“ကိုထွန်းနေဆန်းက ဘာအတွက်ခေါ်တာလဲ”

“သူခေါ်တာ ဘာအကြောင်းရှိရမှာလဲ မမသိမ့် သိပြီးသားနဲ့များ မေးနေရသေးတယ်”

“ညီမလေးကလဲဆိုတာ ဒီလောက်ကောင်းတဲ့ လူတစ်ယောက်ကို

ဘဝအဖော်ဖြစ်ရွေးဖို့ ဘာ တွေများ တုံ့ဆိုင်းနေတာလဲ မသိဘူး၊ မမသိမ့်တော့ စဉ်းစားလို့ကို မရနိုင်ဘူး”

“ဦးနှောက်ခြောက်ခံပြီး စဉ်းစားမနေနဲ့၊ တစ်နေ့ အဖြေပေါ်လာမယ်၊ ပေါ်လာမယ့်အဖြေ စောင့်သာကြည့်နေ”

ညီမငယ်၏ စူတူမူတူမျက်နှာကလေးကို ကြည့်ပြီး သိမ့်သည် စိတ်မောဟန်ဖြင့် ပင့်သက် တစ်ချက်ရှိုက်ကာ အိပ်ခန်းအတွင်းမှ ထွက်ခဲ့တော့သည်။

“စိတ်ညစ်ရတဲ့အထဲ မမသိမ့်ကတစ်မှောင့် ပူညံပူညံနဲ့ ဘာမှန်းလဲမသိဘူး”

လက်ထဲက အဝတ်ဟောင်းတွေကို အဝတ်ခြင်းထဲသို့ ဆောင့်ဆောင့်အောင့်အောင့်ထည့်ပြီး နွေးသည် ခုတင်စောင်းတွင် ထိုင်ချလိုက်သည်။

“ဒီလူ ဘယ်သူလဲ စဉ်းစားရခက်လိုက်တာ၊ ငါ့ကိုများ လူမှားနေသလား”

နွေးသည်မျက်စိထဲတွင် မနက်က ကြုံတွေ့ခဲ့ရသော လူစိမ်း၏ မျက်နှာကို ပြန်လည်မြင် ယောင်မိရင်း စိတ်ပင်ပန်းနေမိပါတော့သည်။

*

နောက်တစ်နေ့မနက်တွင် ထူးထူးနှင့်အတူ ဈေးထဲသို့လာခဲ့ကြပြီး ဈေးဝင်နေစဉ် အံ့အား သင့်ရပြန်သည်။

“ဟင်…မမနွေး ဘာဖြစ်တာလဲ”

“ဟို…ဟို နှင်းဆီဆူး စူးသွားလို့”

တကယ်တော့ သတိထား၍ ကိုင်နေသော နှင်းဆီအစည်းကို

တစ်ဦးတစ်ယောက်အား မြင် တွေ့သွားရသဖြင့် လန့်ဖျပ်ပြီး နွေးသည် ဆူးပေါ်ကို ဖိကိုင်မိလိုက်ခြင်းကြောင့် ဆူးသည် နွေး၏ လက်ညှိုးကလေးထဲသို့ မညှာမတာ ပေါက်ဝင်သွားခဲ့ခြင်း ဖြစ်ပါ၏ ။

“သွေးတွေထွက်နေတယ်၊ ညှစ်ထုတ်လိုက်လေ၊ အဲဒါကြောင့်ပြောတာ ထူးထူး ပန်းစည်းကို ကိုင်ပ့ါမယ်လို့”

နွေးသည် လက်ညှိုးကထွက်နေသော သွေးတွေကို ဖိညှစ်ထုတ်ရင်း မခိုးမခန့်မျက်နှာနှင့် ရပ်ထားသော မော်တော်ဆိုင်ကယ်ကို တင်ပါးဖြင့်မှီကာ သူ့ထံသို့ လက်ပိုက်ကြည့်နေသူကို မဝံ့မရဲ ကြည့်မိလိုက်ပြန်ပါ၏ ။

“ဒုက္ခပါပဲ ကိုဖြူ့ကိစ္စအတွက်များ ငါ့ကို စုံထောက်တွေ လိုက်စုံစမ်းထောက်လှမ်းနေတာများ လား အို..ငါကြောက်လိုက်တာ”

နွေး၏ ကျောထဲတွင် အတွေးများအဆုံး၌ စိမ့်တက်လာခဲ့၏ ။

“မမနွေး သွားကြမယ်လေ”

“အင်း..ဟုတ်သားပဲ”

ဈေးခြင်းတောင်းကြီးကို မနိုင်တနိုင် တွဲဆွဲကိုင်ထားသော အိမ်ဖော်မလေးထူးထူးက နွေးနွေး ကို နားမလည်နိုင်ဟန်ဖြင့် မျက်မှောင်ကုတ်၍ ကြည့်ပြီး ရှေ့ကနေ လျှောက်သွား၏ ။ သူ့နောက်မှ နွေးလည်း လိုက်ပါလာခဲ့သည်။

မော်တော်ဆိုင်ကယ်နှင့်ကိုယ်တော်ချောသည် သူ့နောက်က လိုက်လာလေမလားဟု ရင်တ ထိတ်ထိတ်နှင့် နွေးလျှောက်နေမိသော်လည်း လိုက်ပါလာခဲ့ခြင်း မရှိခဲ့ပါချေ။

ရင်တွင် သက်သာမှုအနည်းငယ် ရရှိသွားပြီး နွေးသည် ခြေကုန်သုတ်၍ အိမ်သို့ အမြန် လျှောက်ခဲ့တော့သည်။

“ဒုက္ခပါပဲ မမနွေးတစ်ယောက် ဒီနေ့မနက် ဘယ်လိုဖြစ်နေမှန်း

မသိတော့ပါဘူး၊ ခုနက လိပ် လိုလျှောက်ပြီး ခုတော့လဲ ဂျက်လေယာဉ်ပျံ ကျနေတာပဲ လျှောက်နေလိုက်တာများ”

ထူးထူးသည် သူ့အိမ်ရှင်မကလေးကို ဝေဖန်သုံးသပ်ရင်း ဈေးခြင်းတောင်းကြီးကို မနိုင့်တ နိုင်ဆွဲကိုင်ကာ ရှေ့ကနွေးနွေးကို အမီလိုက်နေရသည်မှာ ဟောဟဲဆိုက်နေရှာပါ၏။

နွေးနွေးသည် အိမ်သို့ရောက်လျှင်ရောက်ချင်း သူ့အိပ်ခန်းဆီသို့ အပြေးအလွှားသွားကာ အိပ်ခန်းတံခါးကို အတွင်းကချက်ချပြီး တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

မကြာမီ သူသည် သူလိုချင်သော ဖုန်းကို ဆက်သွားရရှိသွားပါ၏။

“နွေး..နွေးဝင့်လှိုင်နဲ့ ပြောချင်လို့ပါ”

“နွေးဝင့်လှိုင်မရှိဘူး၊ သူ့ယောက်မအိမ်ကိုသွားတယ်၊ ညနေမှပြန်ရောက်မယ်၊ ဘယ်သူ ဆက်တာလဲ”

“နွေးဝင့်လှိုင်၏ အိမ်ဖော်က နွေးနွေးကို ပြန်မေးနေပါ၏။

“သူ့ သူငယ်ချင်း နွေးနွေး ဆက်တာပါ၊ နွေး ညနေမှပဲ ဖုန်းပြန်ဆက်ပါတော့မယ်”

နွေးနွေးဖုန်းချနေစဉ် အိပ်ခန်းတံခါးကို သူ့မမသိမ့် ဖွင့်၍ ဝင်လာ၏။

“ဟယ်..နွေးနွေး ဈေးကပြန်ပြီး အမောတကောနဲ့ ဘယ်သူ့ကို ဖုန်းဆက်နေတာလဲဟင်”

“အာ မမသိမ့်ကလဲ သိပ်မေးနိုင်လွန်းတာပဲ၊ နွေး သူငယ်ချင်းတွေဆီကိုဆက်ဖို့ မမသိမ့်ဆီ အစီရင်ခံရဦးမှာလား”

“အလိုလေး စွာလိုက်တာပါလား မိနွေးရယ်၊ အစ်မတစ်ယောက်အနေနဲ့ ဒီလောက်ကလေး မှ မေးပိုင်ခွင့် မရှိဘူးလား၊ အလောသုံးဆယ်

အိပ်ခန်းထဲဝင်သွားတာတွေ့လို့ ဘာများဖြစ်တာလဲလို့ စိတ်ပူပြီး မေးကြည့်မိတာပါ၊ နွေး ဘာတွေ စိတ်တိုနေတာလဲ၊ ဒီတစ်ရက်နှစ်ရက်အတွင်းမှာ နွေးကို ကြည့်ရတာ မူကိုးမမှန်ဘူး”

“အား..လာပြန်ပြီ၊ ဘာမူမမှန်တာလဲ၊ မမသိမ့်ကတော့ ခက်နေပြီ”

“ကဲပါလေ…ကိုယ့်အကြောင်းကိုယ်ပဲ သိမှာပါ၊ ဘာမှမဟုတ်လဲ ပြီးတာပဲ ဖေဖေ့အတွက် ကြက်သားရင်ဘုံသားလေးမှာတာ ပါမလာဘူး”

“ဟင်…ဟုတ်တယ်”

“ထူးထူးပြောတော့ အထုပ်ကို နွေးကိုင်ထားတာဆို”

“အင်း…ဟုတ်တယ်၊ ပန်းဆိုင်မှာ လက်ဆူးစူးမိတာနဲ့ အာရုံများပြီး ကျန်ခဲ့တာဖြစ်မယ်၊ နွေးနွေး သွားကြည့်လိုက်မယ်”

“သွားမနေနဲ့တော့ ထူးထူးကိုပဲ လွှတ်လိုက်တော့မယ်”

"ငါ့ကိုယ်ကငါပဲ မမသိမ့် ပြောစရာကိုး လုပ်လုပ်မိနေတယ်”

အိပ်ခန်းထဲမှ ပြန်ထွက်သွားသော အစ်မဖြစ်သူ၏ နောက်ကျောကိုကြည့်ရင်း နွေးနွေးသည် စိတ်ရှုပ်ထွေးဟန်ဖြင့် သူ့ဦးခေါင်းက ဆံပင်တွေကို ဖွကုတ်ပစ်လိုက်သည်။

*